# ကျုံပျော်မြို့နယ်

# တောချောင်းကျေးရွာအုပ်စု

# တောချောင်းကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

# (၂၀၂၀ – ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

တောချောင်းကျေးရွာ၊

ကျုံပျော်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ

ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ မတ်လ

မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

တောချောင်းကျေးရွာသယံဇာတပြမြေပုံ၊ ကျုံပျော်မြို့နယ် ၈

တောချောင်းကျေးရွာရာသီခွင်ပြ ပြက္ခဒိန် ၉

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၀

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၃

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၁
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(က) ရည်မှန်းချက်ပန်းတိုင်
(ခ) နည်းဗျူဟာ
၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း
(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ
(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်း ပေးခြင်း
(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၈
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၃
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ
(င) စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၇
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၄၀

၁။ ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ဝမ်းစာဖူလုံမှု

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

၂။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ လယ်ယာသုံးစက်ကိရိယာများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတတ်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေမည့် အခြေ ၈၅
အနေ ကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်
စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)
တောချောင်းကျေးရွာကော်မတီဝင်များစာရင်း ၈၉
ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူခြင်း ၉၀
ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦး ဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖ၊ လူငယ်နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာ ကြရာတွင် ကူညီ ပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤ လုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ ပါသည်။

၃။ ယခု ရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှု များနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

၄။ ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏

ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၅။ ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>
တောချောင်းကျေးရွာ<br>
ကျုံပျော်မြို့နယ်

၂၀၂၀ ခုနှစ် မတ်လ ရက်



ဝဲကြီး ကျေးရွာ
ကျေးရွာ သယံဇာတပြမြေပုံ
ဘုန်းကြီးကျောင်း
စေတီတော်
စာသင်ကျောင်း
ဆေးပေးခန်း
စပါးပင်
ငှက်ပျောပင်
လမ်း
ရေကန်
ဘောကွင်း
ချောင်း
မြေပုံရေးဆွဲသူ - ဦးမျိုးအောင်

| ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ကျေးရွာအမည်– တောချောင်းကျေးရွာ | | | | | | | | | | | | |
| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်<br>သလင်း | သီတင်း<br>ကျွတ် | တန်ဆောင်<br>မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| ပွဲလမ်းသဘင် | သင်္ကြန်ပွဲနှင့်<br>စုပေါင်း<br>သီလယူပွဲ | ညောင်ရေ<br>သွန်း<br>ပွဲတော် | – | စုပေါင်းဝါဆို<br>သင်္ကန်းကပ်<br>လှူပွဲ | သင်္ကန်းကပ်<br>လှူပွဲ | သင်္ကန်းကပ်<br>လှူပွဲ | မီးထွန်း<br>ပွဲတော် | စုပေါင်း<br>ဘုံကထိန်<br>ပွဲတော် | နှစ်သစ်ကူး<br>အကြိုပွဲ | ကရင်<br>နှစ်သစ်<br>ကူးပွဲတော် | တရားပွဲ<br>နှင့်<br>ထမနဲပွဲ | ဘုရား<br>ပွဲတော် |
| အလုပ်အကိုင် | ပဲနှုတ်/<br>ရာသီပေါ်<br>သီးနှံစိုက် | မြေပြုပြင်<br>ခြင်းရာသီ<br>ပေါ်သီးနှံ<br>ပြုပြင်ခြင်း | မြေပြုပြင်<br>ခြင်း | စပါး၊ကြံ၊<br>ကလော၊<br>နနွင်းစိုက်<br>ပျိုးခြင်း | စိုက်ပျိုးပြီး<br>သီးနှံများ<br>ပြုပြင်ခြင်း | စိုက်ပျိုးပြီး<br>သီးနှံများ<br>ပြုပြင်ခြင်း | ကောက်ရင်<br>ရိတ်သိမ်း<br>ခြင်း၊<br>ပဲစိုက်ခြင်း | သက်ကြီး<br>စပါး<br>ရိတ်ခြင်း<br>ပဲစိုက်ခြင်း | ကြံ၊ကလော<br>သီးနှံပေါ်ခြင်း | နနွင်းတူး၊<br>ကလော<br>တူးခြင်း | နနွင်းလှမ်း၊<br>ကလော<br>ကြိတ်ခြင်း | ကြံခုတ်၊<br>ကလော<br>ကြိတ်ခြင်း |
| မိသားစုများဝင်ငွေ<br>ရရှိမှု(မရှိ/နည်း/များ) | နည်း | နည်း | နည်း | သင့် | သင့် | သင့် | ကောင်း | သင့် | သင့် | သင့် | သင့် | ကောင်း |
| ထွက်ငွေ | များ | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | များ | များ | များ | သင့် |
| ကျန်းမာရေး<br>အခြေအနေ | အပူနှင့်<br>ပတ်သက်<br>သောရောဂါ | အပူနှင့်<br>ပတ်သက်<br>သောရောဂါ | ရာသီ<br>တုတ်ကွေး | သွေးလွန်<br>တုတ်ကွေး<br>အနည်းငယ် | ရာသီ<br>ဖျား | သင့် | သင့် | သင့် | နှာစေး<br>ချောင်းဆိုး | လေဖြတ်<br>ရောဂါ | နှာစေး<br>ချောင်းဆိုး | အပူနှင့်<br>ပတ်သက်<br>သောရောဂါ |
| ရာသီဥတု | အပူချိန်<br>မြင့် | အပူချိန်<br>မြင့် | မိုးကျ | မိုးများ | မိုးများ<br>ရေကြီး | မိုးများ<br>ရေကြီး | မိုးနည်း | သာယာ | အေး | အေး | အေး | အပူချိန်<br>မြင့် |

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်လုပ်ငန်းစဉ်

### ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲ အကောင်အထည် ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြ ပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည် ဖော်ရန် လိုအပ်သော နည်းပညာ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက် အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြ ထားပါသည်။ ထို့အပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များ ဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏

အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက် ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများ အနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက် ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ (INGOs)၊ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ (NGOs)၊ အစိုးရမဟုတ်သော ဒေသဆိုင်ရာအဖွဲ့အစည်းများ (LNGOs)၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက်များ ဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ် သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင် ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည် ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိ ရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ် ဆောင်ရွက် ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား**

ကျုံပျော်နယ်မြို့သည် အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၁၂မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၁၈မိနစ် အကြားနှင့် ပင်လယ်ရေ မျက်နှာပြင်အထက် ၁၀၀'-၆" အမြင့်တွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၃၁၉.၇၆) စတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့မှအနောက်သို့

(၁၉.၃) မိုင်နှင့် တောင်မှမြောက်သို့ (၂၀.၈)မိုင် ရှည်လျားပါသည်။ ကျုံပျော်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင်တည်ရှိပြီး ကျုံပျော်မြို့ပေါ်ရပ်ကွက်(၄)ခု၊ အထောင်မြို့တွင်ရပ်ကွက်(၄)ခု၊ ကျေးရွာ အုပ်စုပေါင်း(၈၉)နှင့် ကျေးရွာပေါင်း(၅၂၃)ရွာ ပါဝင်ပါသည်။ မြို့ပေါ်နှင့် ကျေးရွာအုပ်စုပေါင်း(၉၇) အုပ်စုတွင် ကျေးရွာပေါင်း(၅၃၁)ရွာ၊ အိမ်ခြေ(၅၇၉၆၂)၊ လူဦးရေ(၂၅၂၅၆၆) ရှိပါသည်။ မြို့နယ် တစ်ခုလုံး မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်း များနှင့် စပ်ဆက်လျက် ရှိပါသည်။

ကျုံပျော်မြို့နယ်၏ အရှေ့ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ပန်းတနော်မြို့နယ်၊ အနောက်ဘက် တွင် ရေကြည်မြို့နယ်၊ တောင်ဘက်တွင် ကျောင်းကုန်းမြို့နယ်၊ မြောက်ဘက်တွင် လေးမျက်နှာ မြို့နယ်၊ ဟင်္သာတမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိပါသည်။ ကျုံပျော်မြို့နယ်တွင် အဓိက ဖြတ်သွားသောမြစ်မှာ ဒါးကမြစ်ဖြစ်ပြီး စိုက်ပျိုးရေး၊ သောက်သုံးရေ စသည်ဖြင့် အသုံးပြုနိုင်ပြီး သင်္ဘော၊ စက်လှေများလည်း သွားလာနိုင်သော မြစ်ဖြစ်ပါသည်။

ကျုံပျော်မြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၃၈.၀ံ C)နှင့် အနိမ့်ဆုံး အပူချိန် (၁၅.၀ံ C) ဖြစ်ပါသည်။ မိုးရေချိန် အနေဖြင့် နှစ်တစ်နှစ်လျှင် မိုးရွာရက် (၉၇)ရက်ခန့်ရှိပြီး စုစုပေါင်း မိုးရေချိန် (၇၃.၅၉)လက်မခန့် ရှိပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇွန်လနှင့် ဩဂုတ်လ တို့ဖြစ်ပါသည်။

တောချောင်းကျေးရွာသည် ကျုံပျော်မြို့၏ အရှေ့အရပ်တွင် တည်ရှိ၍ တောချောင်းကျေးရွာအုပ်စု အမည်ပေါက် ဖြစ်ပြီး ပထဝီဝင် အနေအထားအရ မြေပြန့်ဒေသ ဖြစ်ပါသည်။ ကျုံပျော်မြို့နှင့် (၃)မိုင်ခန့်ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ ဘလန်းကြီးကျေးရွာ၊ မရမ်းရိုးကျေးရွာ၊ ငါးပြေမရိုးကျေးရွာတို့ဖြစ်ပါသည်။ တောချောင်း ကျေးရွာသည် လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာလည်းဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

တောချောင်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော ဆေးဘက်ဝင်အပင် အနည်းငယ်ရှိပါသည်။ အခြားသီးပင် စားပင်များလည်း ရှိကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

တောချောင်းကျေးရွာတွင် အိမ်ထောင်စု(၁၂၀)စုရှိပြီး လူဦးရေစုစုပေါင်း(၄၇၇)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသား အဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းနှင့်နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းမှု ရှိပါသည်။ သို့ရာတွင် အလုပ်လုပ်ကိုင်သော လူဦးရေသည် တစ်ရွာလုံး၏ (၇၅.၃၉%)ခန့် ရှိသည့်အတွက် လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုအတွက် အားထားနိုင်သည့် လူ့အရင်းအမြစ် အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပါသည်။ ယခုနှစ်ကောက်ယူခဲ့သည့် ကိန်းဂဏန်းများ၏ ဖော်ပြချက်များအရ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ အသက် (၁)နှစ်မှ (၁၅)နှစ်အထိ ကလေး၊ လူငယ်တစ်ဦးနှုန်းခန့် ရှိသည့်အတွက် အနာဂါတ်ကာလ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဝင်ငွေရ အလုပ်များကို လုပ်ကိုင်မည့် လူဦးရေအသင့်အတင့် ရှိနိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

တောချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး တစ်ရွာလုံး၏ ယေဘုယျအားဖြင့် ဆင်းရဲသည့်အိမ်ထောင်စုမှာပို၍များပြားပါသည်။ ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာခနအဆင့်ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၃၃.၃၃%)ခန့်မှာ ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ (၂၆.၆၇%)ခန့်သာရှိပြီး အိမ်အနေအထားမှာလည်း တိုက်ခံအိမ်သွပ်မိုးအမျိုးအစားအချို့နှင့် ပျဉ်ထောင် အိမ်၊ သွပ်မိုးအမျိုး အစားများဖြစ်ပြီး လယ်ယာ လုပ်ငန်းသုံး ကိရိယာ (လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်၊ မြက်ရိပ်စက်)စသည်တို့ကို တစ်ဦးချင်း ပိုင်ဆိုင်ကြပြီးလယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၂၆)စုရှိပြီး လယ်ယာသုံး ကိရိယာအနေဖြင့် (ထွန်စက်၊ လက်တွန်းထွန်စက်) စသည်တို့ကို ငှားရမ်း အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၂၂)စုမှာ မြေယာမဲ့ လူတန်းစားများ ဖြစ်ကြပြီး ကျပန်းအလုပ် လုပ်ကိုင်သူ ပိုမိုများပြားပါသည်။ အိမ်အခြေအနေမှာ ဓနိမိုး၊ ထရံကာ အိမ်များ ဖြစ်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၂၂)စု ရှိသည့်အနက် (၃)လမှ (၆)လအထိ ဝမ်းစာ ဖူလုံမှုရှိသည့် အိမ်ထောင်စု (၁၃)စု၊ (၆)လနှင့်အထက် ဝမ်စာဖူလုံမှုရှိသည့် အိမ်ထောင်စု (၅)စုရှိပါသည်။ ၎င်းတို့သည် လုပ်အား ကြွေးယူ ခြင်းနှင့် စီမံကိန်းများမှ ချေးငွေရယူခြင်းများဖြင့် ဝမ်းစာဖူလုံမှုကို ဖြေရှင်းကြ ပါသည်။

တောချောင်းကျေးရွာသည် မိသားစုဆွေမျိုးများဖြင့်သာ ရွာတည်ထားသောကြောင့် စည်းလုံးညီညွတ်မှု ရှိပါသည်။ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကလည်း ဝိုင်းဝန်း ဖြေရှင်းသည့် နည်းလမ်းကိုသာ အသုံးပြုကြပြီး တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကြပါသည်။ စားနပ်ရိက္ခာဖူလုံမှုမရှိသည့် အိမ်ထောင်စု အချို့သာ အသက်မွေးမှုအတွက် အခက်အခဲ တွေ့ကြုံနိုင်ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

တောချောင်းကျေးရွာသည် ကျိုက်ပျော်မြို့ ပြည့်သူ့ဆေးရုံနှင့် (၃)မိုင်အကွာတွင် ရှိပါသည်။ ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်း ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေပါသည်။ တာဝန်ကျသည့် ကျန်းမာရေး ဝန်ထမ်းမှ ကာကွယ်ဆေး ထိုးနှံမှုများကို လစဉ်နှင့် သတ်မှတ်လများ အလိုက် ဆောင်ရွက်ပေးလျှက်ရှိပြီး စာသင်ကျောင်းများတွင် အာဟာရ ပညာပေးအစီအစဉ်များနှင့် အာဟာရ တိုက်ကျွေးမှု ရက်သတ္တပတ် အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျှက် ရှိပါသည်။ ကျောင်းအိမ်သာ အခြေအနေမှာ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာကိုသာ အများဆုံး အသုံးပြုကြပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

တောချောင်းကျေးရွာ၏ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၁၀၀%)ဖြစ်ပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း(၄၇၇)ဦးရှိသည့်အနက် စာမတတ်သူမရှိပါ။ မူလတန်းအဆင့် ရှိသူ(၃၉%)၊ အလယ်တန်း အဆင့်ရှိသူ (၁၈%)၊ အထက်တန်းအဆင့်ရှိသူ (၁၄%)နှင့် တက္ကသိုလ်/ ကောလိပ်

အဆင့်ရှိသူ (၁၀%) ရှိခြင်းကြောင့် အဆင့်မြင့် ပညာရေး အပိုင်းတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာတွင်မူလတန်း ကျောင်းအဆင့်ထိသာ ရှိခြင်းကြောင့် (၅)တန်းသို့ရောက်ရှိပါက ကျုံပျော်မြို့သို့သွားရောက်၍ ပညာဆက်လက်သင်ကြားရသည့်အတွက် ကျပန်း လုပ်ကိုင်သည့် မိသားစုများ၏ သားသမီးများမှာ ငွေကြေး အခက်အခဲ ရှိခြင်းနှင့် မိသားစု စားဝတ်နေရေးအတွက် လုပ်ငန်းခွင်၌ လုပ်ကိုင်စေခြင်းကြောင့် အလယ်တန်းပညာ ပြီးမြောက်သူ ဦးရေ နည်းပါးရခြင်း ဖြစ်ပါသည်။ ကျေးရွာသူ/ ရွာသားများ၏ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

တောချောင်းကျေးရွာတွင် လူဦးရေ(၄၇၇)ဦး ရှိသည့်အနက် အမျိုးသားဦးရေ (၂၃၆)ဦးနှင့် အမျိုးသမီး ဦးရေ(၂၄၁)ဦး ရှိပါသည်။ ကျား၊ မ လူဦးရေ အချိုးမှာ (၁:၁.၀၈)ဖြစ်သဖြင့် ကျေးရွာတွင် ကျား၊ မ လူဦးရေ မျှတလျှက် ရှိပါသည်။ ကျား၊ မ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း မျှတမှု ရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမရှိပါ။ အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာအခွင့် အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်ပါသည်။

တောချောင်းကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေတွင်အမျိုးသား၊ အမျိုးသမီးအချိုးမှာ(၁:၁.၀၈) ဖြစ်ပါသည်။ လယ်ယာ လုပ်ငန်း လုပ်ကိုင်ချိန်တွင် လုပ်ခလစာ အနေဖြင့် နေ့စား အမျိုးသား တစ်ဦးလျှင် (၄၀၀၀)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၅၀၀)နှုန်း ရရှိပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး လုပ်ကိုင်ဆောင်ရွက် နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ တို့မှ အမျိုးသမီးများ ဦးဆောင်ကာ ရပ်ရေးရွာရေး ကိစ္စများတွင် ပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | မှတ်ချက် အဆင့် | ဦးစားပေး ဖော်ပြချက် |
|---|---|---|---|---|
| **မီးရရှိရေး** | | | | |
| လျှပ်စစ်မီး | ၁။ကျေးရွာသူ/သားများလူနေ မှုဘဝတိုးတက်မြင့်မားလာ စေရန် | ၉၇ | ၁ | ကျေးရွာသူ/သားများ အိမ်တိုင်းစေ့ လျှပ်စစ် မီးသုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် |
| **လမ်း၊ တံတား** | | | | |
| လမ်း | ၂။လမ်းပန်းဆက်သွယ်ရေး | ၈၇ | ၂ | ရွာတွင်းလမ်းအဆင့်မြင့်တင်နိုင်ရန် |

| | | | | |
|---|---|---|---|---|
| | တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | |
| **ကျန်းမာရေး** | | | | |
| အဆောက်အဦ | ၃။ကျန်းမာရေးအဆင့်မြှင့်တင် တင်နိုင်ရန် | ၆၆ | ၃ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းအဆင့် မြှင့်တင်ရန် |
| **သောက်သုံးရေသန့်** | | | | |
| စက်ရေတွင်း | ၄။သောက်သုံးရေသန့်လုံလောက် စွာရရှိစရေး | ၅၇ | ၄ | ကျန်းမာသန့်ရှင်းသော သောက်သုံးရေသုံးစွဲနိုင် ရန် စက်ရေတွင်းတူးဖော်ခြင်း |

| ကဏ္ဍ/ကဏ္ဍခွဲ မှတ်ချက် | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် |
|---|---|---|---|---|
| **လူငယ်နှင့် ယဉ်ကျေးမှု** | | | | |
| အဆောက်အဦ | ၅။လူငယ်များ အသိပညာ ဗဟုသုတတိုးပွားလာစရေးန် | ၅၀ | ၅ | စာကြည့်တိုက် ဆောက်လုပ်ပေးခြင်း |
| **စိုက်ပျိုးရေး** | | | | |
| မျိုးကောင်းမျိုးသန့် | ၆။မျိုးကောင်းမျိုးသန့်ရရှိ နိုင်ရေး | ၄၇ | ၆ | စပါးအထွက်နှုန်းကောင်းမွန်ရန်အတွက် မျိုးကောင်းမျိုးသန့်ရရှိရန် ဆောင်ရွက်ခြင်း |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| ဦးစားပေး အဆင့် | စီမံချက် | ရမှတ် ပေါင်း | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီး | ၉၀ | √ | | | | |
| ၂ | ရွာတွင်းလမ်း | ၈၀ | | √ | | | |
| ၃ | ဆေးခန်းအဆင့်မြှင့်တင်ခြင်း | ၆၆ | | | √ | | |
| ၄ | ရသေန့်တွင်း | ၆၉ | | | | √ | |
| ၅ | စာကြည့်တိုက် | ၅၇ | | | | | √ |
| ၆ | မျိုးကောင်းမျိုးသန့် | ၄၇ | | | √ | | |

## (ငှ) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပုံစွရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမ ဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လျှပ်စစ်မီး | | | √ | | |
| ၂ | ရွာတွင်းလမ်း | | | √ | | |
| ၃ | ဆေးခန်းအဆင့်မြှင့်တင်ခြင်း | | | √ | | |
| ၄ | ရေသန့်တွင်း | | | √ | | |
| ၅ | စာကြည့်တိုက် | | | √ | | |
| ၆ | မျိုးကောင်းမျိုးသန့် | | | √ | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ သည် ပေါင်းစပ်ညှိနိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝအေပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလြမ်းအဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင် ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စတေနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## (ဃ) စီမံကိန်းအားစဉ်ဆက်မပြတ်လဥ္လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကပြါမည်။ အစကနဉီး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

### (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကပြါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပပြါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပုပြင်သင့်သော အဆိုပြုချက်များ၊

- ပုပြင်ပခြင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပုစ္ဆပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖေါ်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပုပြင်ပခြင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည် တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကပြါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုတို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လဇ္ဇလာစဓာင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီ များကို မိုးနွယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

တောချောင်းကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်း ဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်း မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စုပေါင်းဆောင်ရွက် လုပ်ကိုင်တတ်ကြပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေး၊ပညာရေး၊ ဖွံ့ဖြိုးရေး၊ မီးဘေး၊ အမျိုးသမီးရေးရာနှင့် သက်ဆိုင်ရာကိစ္စရပ်များအတွက် ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ် ဆောင်ရွက်မှု အားနည်းသည့်အပြင် အဖွဲ့အစည်း၏ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် မည်သို့ဆောင်ရွက်ရမည်ကိုလည်း စနစ်တကျ ဆောင်ရွက်တတ်သည့် အလေ့အထများ ကျင့်သုံး နိုင်ခြင်းမရှိသေးသည့် အခြေအနေတစ်ရပ် ဖြစ်ပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

### ( ခ ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

တောချောင်းကျေးရွာတွင် စပါး၊ ကလော၊ ငှက်ပျော၊ နနွင်း၊ ကြံစသည်တို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာရှိစိုက်ပျိုးမြေများသည် မြေဆီ၊ မြေသြဇာအသင့်အတင့် ကောင်းမွန် သော စိုက်ပျိုးမြေများဖြစ်ကြပါသည်။ စုစုပေါင်းစိုက်ပျိုးဧက(၃၀၄.၈၅)ဧကရှိပြီး စိုက်ပျိုးမြေမှ လိုအပ်သောရေများကို ချောင်းရေမှသော်လည်းကောင်း၊ အဝီစိတွင်းရေမှသော်လည်းကောင်း ရေသွယ်စိုက်ပျိုးကြသည်။ စပါး၊ ပဲ၊ ကလော၊ ငှက်ပျော၊ နနွင်း၊ ကြံ စသည်တို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၂၀%)၊ (၂.၅) ဧကအောက် ပိုင်ဆိုင်သော အိမ်ထောင်စု (၄၅.၈%)၊ (၂.၅) ဧကမှ (၅) ဧကအထိ ပိုင်ဆိုင်သော အိမ်ထောင်စု (၂၂.၅%)၊ ၅

ကေမှ ၁၂.၅ ကေကြား ပိုင်ဆိုင်သောအိမ်ထောင်စု(၁၀%)၊ ၁၂.၅ ကေ အထက် ပိုင်ဆိုင်သော အိမ်ထောင်စု (၁.၆၆%) ရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကို ဦးစားပေး ဆောင်ရွက်သော လယ်သမား၊ ခြံသမားများနှင့် လုပ်သားများနေထိုင်ရာ ကျေးရွာတစ်ခုဟု ဆိုရမည် ဖြစ်ပါ သည်။ ထို့ကြောင့် ကျေးရွာ၏သဘာဝအရင်းအမြစ်များ ပေါများသည့်အလျောက် အကျိုးအမြတ်များ ပိုမို ဖြစ်ထွန်းနိုင်ရန်အတွက် ရာသီဥတုမရွေး စိုက်ပျိုးနိုင်သည့် မျိုးကောင်းမျိုးသန့် ရရှိရေး ဈေးကွက်အတွင်း အဆင့်မှီရောင်းချနိုင်သည်အထိ တိုးတက် ထုတ်လုပ်နိုင်သည့် နည်းလမ်း များကို ရှာဖွေ အားထုတ်ရမည် ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မွေးမြူခြင်းမရှိသော်လည်း ဝင်ငွေရလုပ်ငန်းအဖြစ်ကြက်၊ ဝက်၊ ဘဲများကို တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး ခိုင်းရန်အတွက် နွားများကိုလည်း အနည်းငယ် မွေးမြူ ကြပါသည်။ တစ်ပိုင်တစ်နိုင် တိုးချဲ့မွေးမြူရန် အိမ်ခြံဝင်းများ လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့် ရောဂါကာကွယ်ရေး၊ ကုသရေး အသိပညာပေး လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှု အားနည်းပါသည်။

## ( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

တောချောင်းကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်း၊ အသေးစားကုန်ထုတ်လုပ်ငန်းမရှိပါ။ ကျေးရွာတွင် စိုက်ပျိုး/ မွေးမြူရေး မဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ အခြားကျပန်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းငယ်မှ အလယ်အလတ် အနေအထားတွင်ရှိသည်။ နေ့တွက်အလုပ်များမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် လုပ်ငန်းနည်းပါးသည်။ ကျပန်းလုပ်သားများအနေဖြင့် အားလပ်သော အချိန် များတွင် ဝင်ငွေရလုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန် နေကြပြီး နည်းပညာနှင့် ငွေကြေး အရင်းအနှီးလိုအပ်မှုများ ရှိနေပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

တောချောင်းကျေးရွာတွင် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာများ သုံးစွဲမှုရှိသဖြင့် မြေဆီလွှာ အရည် အသွေးကျဆင်းလာနိုင်မှု ရှိပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း အားနည်းမှု ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် အရင်းအမြစ်များ ရေရှည်အသုံးပြု နိုင်ရန်အတွက်

ကျေးရွာ လူထုကိုပညာပေးသင်တန်းများ ချိတ်ဆက်ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာတွင ်မိုးခေါင်ခြင်း မရှိပါ။ မုန်တိုင်း၊ အအေးလွန်ကဲခြင်း၊ လျော်၊ မီးဘေးစသည့် ဘေးအန္တရာယ် များလည်း နည်းပါးပါသည်။ ဘေးကင်း လုံခြုံရေးအတွက် မည်သည့်ဌာန အဖွဲ့အစည်းများမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံပေးခြင်းမရှိပါ။ ကျုံပျော်မြို့ ရဲစခန်းနှင့် (၃)မိုင်ခန့်ကွာ ဝေးသော ကြောင့် ဒေသလုံခြုံရေးအတွက်စိုးရိမ်ဖွယ်ရာမရှိပါ။

## ( င ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

အခြားငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအဖွဲ့ တို့ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလယ်ယာမြေပိုင်ဆိုင်သူများကိုသာထုတ်ချေးပြီး တစ်ကေလျှင်ငွေကျပ်(၁.၅)သိန်းနှုန်း ထုတ်ချေးပေးပါသည်။ (၁၀)ကေအတွက် အများဆုံးငွေကျပ် (၁၅)သိန်းထုတ်ချေးပေးပါသည်။ အတိုးနှုန်းမှာတစ်နှစ်လျှင် (၀.၈)ကျပ်နှုန်းဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ(၇)လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ကေကုန်ကျစရိတ်မှာ ငွေကျပ်(၂) သိန်းခန့် ကုန်ကျသောကြောင့် ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။ ကျေးရွာသူ/သား အများစုသည် ချေးငွေကို အကြောင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရပါသည်။

## ( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

တောချောင်းကျေးရွာ၌ မူလတန်းကျောင်း တည်ရှိသဖြင့် ကျေးရွာအတွင်းရှိ ကျောင်းသား/ သူများအားလုံး မူလတန်းပြီးဆုံးသည်အထိ ပညာသင်ကြားခွင့် ရရှိကြပါသည်။ ကျောင်းတွင် ဆရာ(၁)ဦး၊ ဆရာမ(၄)ဦး၊ စုစုပေါင်း(၅)ဦးရှိပါသည်။ ကျောင်းဆောင်မှာ အုတ်ညှပ်၊ သွပ်မိုး အမျိုး အစားဖြစ်ပြီး အကျယ်အဝန်းမှာ(၆၀'x၃၀'x၁၂')ရှိပါသည်။ ကျောင်းအိမ်သာမှာ ဆရာ/ ဆရာမ များ၊ ကျောင်းသား/ သူများအတွက်လုံလောက်မှုရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းသုံး ပရိဘောဂပြည့်စုံစွာရှိနေ ပါသော်လည်း ကျောင်းသား/သူများ ထပ်မံ တိုးပွားလာပါက စာရေးခုံ များ လုံလောက်မှု မရှိနိုင်ပါ။ စာသင်ကျောင်းတွင် အဟာရတိုက်ကျွေးမှု အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

တောချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ တာဝန်ကျ ဆရာမမှ ကာကွယ်ဆေး ထိုးနှံမှုများကို သတ်မှတ်ကာလများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးရွာတွင် ဝမ်းပျက်/ ဝမ်းလျှောရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ အနည်းငယ်ရှိပြီး သာမန် ဖျားနာခြင်း၊ နှာစေးခြင်းစသည့် စသည့်ရောဂါများသာ အဖြစ်များလေ့ရှိပါသည်။ ၎င်းကျေးရွာအား ကျန်းမာရေးအသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေ ကျန်းမာရေးပညာပေးများ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သောကျန်းမာ ပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

တောချောင်းကျေးရွာတွင် အဝီစိတွင်းမှထွက်ရှိသောရေကို အဓိကထားသုံးစွဲကြပါသည်။ တစ်နှစ်ပတ်လုံး ရေလုံလောက်မှုရှိပြီး၊ ရေကောင်းသည်ဟု ယူဆရသော်လည်း ဓါတ်ခွဲခန်းတွင် စနစ်တကျ စစ်ဆေးထားမှုမရှိပါ။ကျေးရွာရှိ လူနေအိမ်များမှာ တစ်အိမ်နှင့်တစ်အိမ် နီးသော်လည်း ခြံစည်းရိုး များဖြင့်ကာရံထားရှိခြင်း၊ အမှိုက်သရိုက်များနည်းပါးခြင်း၊ ကျေးရွာတွင်း ဝင်/ထွက်သွားလာသူများ နည်းပါးခြင်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများမှာလည်း စည်းစနစ်ဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာသောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၈)စုရှိ၍ ယင်လုံ အိမ်သာပေါင်း (၁၂၈)လုံး အသုံးပြုကြသဖြင့် အိမ်ထောင်စုအားလုံး ယင်လုံ အိမ်သာ သုံးစွဲကြကြောင်း သိရှိရပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

တောချောင်းကျေးရွာတွင် သာရေး၊ နာရေး၊ ဘာသာရေး ကိစ္စရပ်များတွင် ရပ်မိရပ်များ၊ ကျေးရွာ အဖွဲ့ခေါင်းဆောင်များမှ ဦးဆောင်၍ လုပ်ကိုင်ရသော်လည်း လူငယ်များမှာ တက်တက်ကြွကြွ စည်းစည်းလုံးလုံးဖြင့် ပါဝင်လုပ်ကိုင် ကြပါသည်။ ကျေးရွာတွင် အရက်ဆိုင် အရက်ဆိုင် ရှိသောကြောင့် လူငယ်အချို့မှာ အရက်သေစာ သောက်စား တ်မှုရှိပါသည်။ ထို့ကြောင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာ ဗဟုသုတ ရရှိရေး အတွက် ကိုယ်ထူ/ထ ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ပေးရန်၊ စာပေဟောပြောပွဲများ၊ စွမ်းရည် မြှင့်တင်ရေး နည်းပညာသင်တန်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

တောချောင်းကျေးရွာ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံအရ တန်ခူးလတွင် မဟာသင်္ကြန်ပွဲတော် ကျင်းပခြင်း၊ သက်ကြီးရွယ်အို ပူဇော်ကန်တော့ပွဲများ ကျင်းပခြင်း၊ ဝါဆိုလတွင် ဥပုဒ်သီလ ဆောက်တည်ခြင်း၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော် ကျင်းပခြင်း၊ တန်ဆောင်မုန်းလတွင်

မီးထွန်းပွဲတော်နှင့် ဘုန်းကြီးကျောင်း စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပခြင်းများ ဆောင်ရွက်ကြပါသည်။

**( ဇ ) အခြေခံအဆောက်အဦးများ လက်လှမ်းမှီမှု-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

တောချောင်းကျေးရွာသည် ကျုံပျော်မြို့နှင့် (၃)မိုင်ခန့် အကွာတွင် တည်ရှိသော ကျေးရွာ ဖြစ်ပါသည်။ ကျုံပျော်မြို့မှ တောချောင်းကျေးရွာသို့ ဆက်သွယ်သောလမ်းမှာ မြေသားလမ်း အမျိုးအစား ဖြစ်ပါသည်။ ရွာတွင်း လမ်းများမှာလည်း မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနိုင် သော်လည်း မိုးတွင်းကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝပ်ခြင်း၊ ရွံ့ထခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ ရွာတွင်းလမ်းအား ကျေးရွာနေပြည်သူများမှ စုပေါင်း၍မြေဖို့ခြင်း၊ မြောင်းတူးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

တောချောင်းကျေးရွာနေ အိမ်ထောင်စုများအနက် (၂၀%)မှာ ဆိုလာမီးလင်းရေးစနစ်ကို အသုံးပြု ကြပြီး(၂၀%) အိမ်ထောင်စုများမှာ ဘတ္တရီအားသွင်းခြင်းဖြင့် လျှပ်စစ်မီးရရှိသည့်စနစ်ကို အသုံးပြု ကြပါသည်။ ဒီဇယ်သုံးအင်ဂျင်ကို သုံးစွဲခပေး၍ အသုံးပြုသည့် အိမ်ထောင်စုမှာ (၆၀%)ရှိပါသည်။ အဆိုပါ ဒီဇယ်သုံးအင်ဂျင်ကို တစ်နှစ်ပတ်လုံး အသုံးပြုပါသည်။ 11KVလိုင်းနှင့် (၃)မိုင်အတွင်းတွင် တည်သဖြင့် လျှပ်စစ်မီးရရှိပါက ကျေးရွာသူ/သားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ယခင်ထက် ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

တောချောင်းကျေးရွာတွင် မုန်တိုင်းသတင်း၊ ငလျင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်း များရရှိရန် ရေဒီယိုသတင်း နားထောင်ခြင်း၊ တီဗွီသတင်း စောင့်ကြည့်ခြင်း၊ မြို့နှင့်လည်း နီးသဖြင့် ဖုန်းလိုင်း အားလုံးဖြင့် လွယ်ကူစွာ ဆက်သွယ် အသုံးပြု ပြောဆို နိုင်ပါသည်။ သတင်း အချက် အလက် များကို အင်တာနက် အသုံးပြုခြင်းဖြင့်လည်း ရရှိနိုင်ပါသည်။

တောချောင်းကျေးရွာသည် စပါးနှင့် ကျေးရွာထွက်ကုန် ပို့ဆောင်ရေး၊ အခြားမြို့၊ ကျေးရွာများသို့ သွားလာရေးတွင် ကုန်းလမ်းတစ်မျိုးတည်းကိုသာ အသုံးပြုလျက်ရှိပါသည်။ မြို့နှင့်မနီးမဝေးတွင် တည်ရှိနေပါသောကြောင့် ဆိုင်ကယ်ကိုသာ အဓိကထား အသုံးပြုကြ ပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

တောချောင်းကျေးရွာတွင် ကျေးရွာသူ/သားများသည် မိသားစုကဲ့သို့စည်းလုံးညီညွတ်စွာ နေထိုင် ကြပါသဖြင့်ပြဿနာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ မူးယစ်ဆေး သုံးစွဲမှုမရှိပါ။ လူငယ်များ ထန်းရည်သောက်ခြင်း၊ အရက်သေစာ သောက်စားခြင်း အနည်းငယ်သာ ရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိပါ။ ရာဇဝတ်မှု ဖြစ်ပွားခြင်း အလွန်နည်းပါး ပါသည်။ ကျေးရွာသူ/သားများသည် ရှေးအစဉ်အဆက် နေလာသော ဒေသခံများ ဖြစ်သည့်အပြင် ဦးဆောင်ဦးရွက်ပြုနိုင်သည့် လူကြီးလူကောင်းများရှိသောကြောင့် စည်းလုံး ညီညွတ်ပြီး အေးချမ်း သာယာစွာ နေထိုင်ကြပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

တောချောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်း (၃၃၇)ဦးရှိပြီး ကျေးရွာရှိ လူဦးရေ၏(၇၀.၆၄%)ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင် နိုင်သည့် လူသားအရင်းအမြစ် များသောကြောင့် ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းများ ထိရောက်စွာ ပံ့ပိုးပေးနိုင်ပါက ကျေးရွာ၏ လူသားအရင်းအမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများရှိနေပါသည်။

တောချောင်းကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုတစ်ဝက်မှာ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်ကြပြီး ရာသီဥတုသင့်တင့်မျှတသည့်အတွက် စိုက်ပျိုးရေးကို အလွယ်တကူ ရရှိနိုင် ပါသည်။ သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများအား ကျေးရွာနှင့် (၃)မိုင်ခန့်ဝေးသည့် ကျုံပျော်မြို့မှ ဝယ်ယူရရှိနိုင်ပါသည်။

တောချောင်းကျေးရွာတွင် ရာသီအလိုက် သီးနှံများ စိုက်ပျိုးထုတ်လုပ် နိုင်ပါသည်။ မြို့နှင့် (၃)မိုင် ခန့်သာ ကွာဝေး၍ ရောင်းချချိန်တွင် အဆင်ပြေ လွယ်ကူစွာ သွားလာ ရောင်းချ နိုင်ပါသည်။ စိုက်ပျိုးရေး အတွက် အထောက်အကူ ဖြစ်စေမည့် နည်းပညာနှင့်အသိပညာပေး ဆွေးနွေးပွဲများ မကြာခဏ ပြုလုပ်ပေးမည်ဆိုပါက လယ်ယာ စိုက်ပျိုးရေး ကဏ္ဍတွင် ပိုမို တိုးတက်လာမည် ဖြစ်ပါသည်။ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများ လိုအပ်နေပြီး အရစ်ကျ စနစ်ဖြင့် ရောင်းချပေး နိုင်သော ကုမ္ပဏီများ၊ သွင်းအားစု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပေးနိုင်လျှင် လယ်ယာ

လုပ်ငန်းခွင်အတွက် တိုးမြှင့် ထုတ်လုပ်နိုင်သည့် နည်းစနစ်များကို ကျင့်သုံးလာ နိုင်မည် ဖြစ်ပါသည်။

တိရိစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ရွာတွင်း၊ရွာဝန်းကျင်နှင့်ကျုံပျော်မြို့သို့သွားရောက် ၍ ရောင်း/ဝယ်ခြင်း ပြုလုပ်နိုင်ပြီး တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်အထိ မွေးမြူနိုင် ပါသည်။ စပါးစိုက်ပျိုးထုတ်လုပ်သည့် ကျေးရွာတစ်ခုဖြစ်သည့်အားလျော်စွာ ဝက်အစာဖြစ် သည့်ဖွဲနုကို ကျေးရွာဆန်စက်များမှ အလွယ်တကူ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း၊ မိမိတို့ စပါးကြိတ်ခွဲစဉ် ရရှိသော ဖွဲနုစသည်ဖြင့် ဝက်မွေးမြူရေးအတွက် အစာကို ရရှိနိုင်ပါ သည်။ နွားမွေးမြူရာတွင် စားကျက်မြေသီးသန့်မရှိသော်လည်း ကောက်ရိုးနှင့် အနီးအနား ရွာများမှ မြက်များကိုရိတ်၍ ကျွေးကြပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် ဆိုင်ကယ်ကယ်ရီလုပ်ငန်း၊ သုံးဘီးယာဉ်ပြေးဆွဲခြင်း တစ်နိုင်တစ်ပိုင် စက်ချုပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းများ ရှိပါသည်။

စိုက်ပျိုးရေး လုပ်ငန်းများ အနေဖြင့် အိမ်ထောင်စု အများစုမှ အသက်မွေးမှု ပြုကြသဖြင့် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ချေးယူနိုင်သည့် အတွက်ကြောင့် မိမိတို့ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအတွက် သင့်တော်သည့် ရင်းနှီးငွေပမာဏအား ရရှိ နိုင်ပါသည်။

တောချောင်းကျေးရွာတွင် သားဖွားဆရာမ ရှိသဖြင့် မီးဖွားသည့် ကိစ္စရပ်များတွင် များစွာ အထောက်အကူ ပြုပါသည်။ ကျေးရွာတွင် လူငယ်များ အနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေး တို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စဆောင်ရွက် ခြင်း၊ လုပ်အားဒါန လုပ်အားပေးခြင်းတို့ကို ဆောင်ရွက် ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု များသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား အမှုအခင်းဖြစ်ပွားမှု နည်းပါးခြင်း ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။

## (ခ) အဟန့်အတားနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

တောချောင်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကျေးရွာအတွင်း အဖွဲ့များ ဖွဲ့စည်း ထားရှိသော်လည်း ချိတ်ဆက်ဆောင်ရွက်ခြင်းများ အားနည်းမှုရှိပါသည်။ ကျေးရွာလူထု အနေဖြင့် မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံ အားနည်းခြင်း၊ အသိပညာ ဗဟုသုတ အားနည်းခြင်းတို့မှာ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

တောချောင်းကျေးရွာရှိ စိုက်ခင်းများသည် မိုးရာသီတွင် ရေနစ်မြုပ်မှုကြောင့် မျိုးစပါးများ ပျက်စီး ဆုံးရှုံးခြင်းနှင့် နွေရာသီတွင် စိုက်ခင်းများ ပိုးကျသဖြင့် အထွက်နှုန်း ကျဆင်းခြင်း စသည့် အခက် အခဲများ ရှိကြပါသည်။

သွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှုမရှိခြင်းနှင့် စပါးရောင်းဝယ်ရာ၌လည်း စားဝတ်နေရေးနှင့် ချေးငွေများ ပြန်လည် ပေးဆပ်ရန်အတွက် စပါးဈေးကောင်း ရရှိမည့် အချိန်ထိ မစောင့်ဆိုင်း နိုင်သောကြောင့် အကျိုးအမြတ် ဖြစ်ထွန်းမှု နည်းပါး ပါသည်။ ထို့အပြင် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းအတွင်း ပိုးမွှားရောဂါ ကာကွယ်ခြင်းတို့တွင် တောင်သူတစ်ဦးတည်း ဖြေရှင်း၍ မရနိုင်ပဲ စုပေါင်း စပ်ပေါင်းဖြင့် လုပ်ကိုင်ကြရမည် ဖြစ်ပါသည်။ အဆိုပါ အခက်အခဲများနှင့် ကြုံတွေ့လာလျှင် ရင်ဆိုင် ဖြေရှင်းရန်အတွက် တောင်သူအားလုံး စုပေါင်းပါဝင်သည့် အလေ့အထ မရှိသဖြင့် အခက်အခဲများ ကြုံတွေ့ကြ ရပါသည်။

မွေးမြူရေးလုပ်ငန်းများတွင် ရောဂါဖြစ်ပွားမှုကို အချိန်မီ မကာကွယ်နိုင်ခြင်း၊ မထိန်း ချုပ်နိုင်ခြင်း၊ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုအကန့်အသတ်ရှိခြင်းတို့ကြောင့်ကျေးရွာ၌ မွေးမြူရေး ကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်မှု မရှိခြင်း စသည့် အခက်အခဲများ ရှိပါသည်။

စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများ အသက်မွေးဝမ်းကြောင်း ပညာများ တက်မြောက်မှု အားနည်းခြင်း၊ အလုပ် အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများ၏ ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ခု ဖြစ်ပါသည်။

တောချောင်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် Delta စသည့်အဖွဲ့များမှ ချေးငွေ ရရှိသော်လည်း တင်းကြပ်သောချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေ ကာလတိုတောင်းခြင်း များသည်လည်း တောင်သူများ၏ အကျိုးအမြတ် ဖြစ်ထွန်းရန် အဟန့် အတားများ ဖြစ်နေဆဲ ဖြစ်ပါသည်။

ကျေးရွာ၏ ဓလေ့မှာ လူကြီးများကိုသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ ရှိပြီး လူငယ်များမှလည်း ခေါင်းဆောင်မှု အပိုင်းကို စိတ်ပါဝင်စားမှု အားနည်းကြသဖြင့် လူငယ်များ၏ စိတ်ကူးစိတ်သန်းကောင်းများ မရရှိခြင်းကလည်း ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဟန့် အတားဖြစ်စေသော အကြောင်းအရာများတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ လူငယ်များအနေနှင့် အင်တာနက်မှတဆင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော သတင်း အချက်အလက်များကို ရယူနိုင်ပြီး ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည် အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာ ဖွံ့ဖြိုး ရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့တောချောင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုတိုးတက် သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ

ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထု ပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက် ပန်းတိုင်နှင့် ပန်းတိုင် ရောက်ရှိရေး အကောင်အထည် ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

## (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ သားများ ဝင်ငွေ တိုးတက်ရေး တစ်ဦးချင်း စွမ်းဆောင်ရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည် -

(၁) ကျေးရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်၊

(၂) လူငယ်များအား ပညာ တတ်မြောက်မှု ပိုမို တိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့်အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေ၍ စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့် လာစေရမည်၊

(၃) ကျေးရွာလူထုသည် ကျေးရွာတွင်းရှိ လမ်း၊ တံတားများအား ကောင်းမွန်စေရန် ပြင်ဆင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ လမ်းပန်း ဆက်သွယ်ရေး သာလွန်ကောင်းမွန်မှု ရှိစေရမည်၊

(၄) ကျေးရွာရှိ ပြည်သူ/သားများ ကျန်းမာရေးအတွက် ရွာ၌အဆင်ပြေပြေ ကုသနိုင်ရန်အတွက် ဆရာဝန်ပြည့်စုံစွာဖြင့် ဆေးပေးခန်းတစ်ခု ဖြစ်လာစေရမည်၊

(၅) တောချောင်းကျေးရွာသည် မြို့လမ်းမကြီးနှင့် နီးသဖြင့် လျှပ်စစ်မီးရရှိပါက ကျေးရွာသူ/ သားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီပွားရေးများ ဖွံ့ဖြိုးတိုးတက်စေရမည်၊

## ( ခ ) နည်းဗျူဟာ

လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်း များကိုသာ အသုံးပြုနေသော တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက် လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းများ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်း များအတွက် လိုအပ်ချက်များကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ကာ စိုက်ပျိုးရေးနည်းပညာ၊ ဗဟုသုတများအား အကြံဉာဏ်ရယူ၍ လိုက်နာ ဆောင်ရွက်သွားမည်။ မွေးမြူရေးအား တိုးချဲ့ လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေ တိုးတက်စေရန် အတွက် တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ အကူအညီရယူကာ တိုးတက်ကောင်းမွန်သော မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်။

(၂) ကျေးရွာရှိ လူငယ်များမှာ (၄)တန်း အောင်မြင်ပြီးပါက မြို့၌ ကျောင်းဆက်တက်နိုင်သူဦးရေနည်းပါးသွားပြီး အလုပ်လုပ်ကိုင်ရသူများပြားသောကြောင့် ပညာတတ်များစွာ ပေါ်ထွက်လာရန်အတွက် မူလွန်ကျောင်းအား အထက်တန်းကျောင်းအထိ အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်။ ရွာသူ/သားများအား အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ် သင်ကြားပေးကာ ကျွမ်းကျင်စွာ တတ်မြောက်၍ လက်တွေ့အသုံးချနိုင်ရေး ဆောင်ရွက်ခြင်း၊ ကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် မိသားစုဝင်ငွေများ တိုးပွားလာအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) ကျေးရွာအတွင်းရှိ လမ်းများ၊ တံတားများအား ရွာသူ/ရွာသားများနှင့် သက်ဆိုင်ရာဌာနများပေါင်းစပ်၍ပြုပြင်ဆောင်ရွက်ခြင်းဖြင့် ကုန်စည်ပို့ဆောင်ရေး၊ ကျန်းမာရေးနှင့်ပညာရေးစသည့် အခြားကဏ္ဍ အသီးသီးတို့အတွက် ပိုမိုတိုးတက် ကောင်းမွန်စေရေး ဖော်ဆောင်သွားမည် ဖြစ်ပါသည်။

(၄) ကျေးရွာရှိ ရွာသူ/သားများ နာမကျန်းဖြစ်ပါက ရွာနှင့် (၃)မိုင်ခန့် ဝေးသော ကျုံပျော်မြို့ပေါ်၌ သွားရောက်၍ ဆေးကုသမှု ခံယူနေရပါသည်။ ထို့ကြောင့် ရွာ၌ ရောဂါမျိုးစုံ ကုသနိုင်ရန်အတွက် ဆေးပေးခန်းတစ်ခု ဖြစ်လာစေရန် ကျန်းမာရေးဌာနနှင့် ဆက်သွယ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မိန်းကလေးများအတွက် ကျေးရွာအတွင်း သားဖွားဆရာမ ရှိသည့်အတွက် အဆင်ပြေပါသည်။

(၅) ကျေးရွာမီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းနှင့်(၃)အတွင်းတွင်ရှိသော်လည်း လျှပ်စစ်ဓါတ်အားလိုင်းရရှိရန် ထောက်ပံ့ပေးနိုင်မည့် အဖွဲ့အစည်းများ၊ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွာ၌လျှပ်စစ်မီး ရရှိပါက ရွာသူ/သား များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစစအရာရာ အဆင်ပြေ ချောမွေ့ သွားမည် ဖြစ်ပါသည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော် အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာ အဆင့်အထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာ အထောက်အပံ့များ ပံ့ပိုးပေးမှု သည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက် အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

**( ခ ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ**

တောချောင်းကျေးရွာ လူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာ များတွင် ချေးငွေများထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် စပါး၊သီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေး နေသောကြောင့် အခြားသီးနှံ စိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။ တောင်သူ

အများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ နှင့် ချိတ်ဆက် လုပ်ဆောင် နေကြပါသည်။ ကျေးရွာသူ/သားများလိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသ လိုအပ်ချက်နှင့် အညီ ပြောင်းလဲ သင့်ပါသည်။

**( ဂ ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက် အထောက် အပံ့များ ဖြည့်ဆည်းပေးခြင်း**

တောချောင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ်သူ များ၏ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသော နည်းပညာ များလိုအပ်ခြင်းပင်ဖြစ်ပါသည်။ ကျုံပျော်မြို့နှင့်နီးသောကြောင့် ဒေသထွက်ကုန် များကို အမှီပြု၍ သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက် သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည် သက်ဆိုင်ရာ ဦးစီးဌာန များနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှု များကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ် ပေးခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း ဝင်ငွေတိုးအခွင့်အလမ်းများကို ရရှိရုံသာမက ကျေးရွာတွင် ပြင်ဆင် လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ကျေးရွာ၌အလုပ်အကိုင်အခွင့်အလမ်း မရှိပါက အဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် ချိတ်ဆက်၍လုပ်ကိုင်နိုင်သော အခွင့်အလမ်းများရှိပါသည်။ ခေတ်နှင့်အညီ နည်းပညာဆိုင်ရာအသက်မွေးဝမ်းကျောင်း စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း အမျိုးအစားများအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ အလွယ် တကူ ရရှိနိုင် ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ အနေဖြင့် အသက်မွေး ဝမ်းကျောင်း သင်တန်းများကို များစွာဆောင်ရွက် ပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကာ မိသားစု ဝင်ငွေများ တိုးတက် ကောင်းမွန် လာမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက် ကုန်ကြမ်း များကိုသာ ရောင်းချမည့် အစား အရည် အသွေး ရှိသော တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ် ရောင်းချနိုင်ရန် နည်းပညာ သင်တန်းများ ရရှိ ဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ် သုံးစွဲမှုကို ထိရောက်စွာ အသုံးချ နိုင်ရုံသာမက ဒေသတွင်း တစ်ပိုင်တစ်နိုင် အသေးစား လုပ်ငန်းများ တိုးတက် လာစေနိုင်သော ကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ ဒေသအတွင်း စားနပ်ရိက္ခာ ဖူလုံမှုတိုးတက်

လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့် တစ်နေရာမှ အထောက်အကူ ပြုနိုင်ပေမည်။

**(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး**

တောချောင်းကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာ ဖြစ်ထွန်းသော ကျေးရွာ တစ်ရွာဖြစ်ပြီး ရာသီ အလိုက် စိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။ သို့သော် လယ်ယာလုပ်သား ရှားပါးလာမှု နှင့်အတူ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်းခွင် အချိန်မှီ ပြီးစီးရန် အနည်းငယ် အခက်အခဲ ကြုံတွေ့ရပါသည်။ စိုက်ပျိုးရေးဦးစီးဌာန နှင့်အတူ သက်ဆိုင်ရာ ဌာနများ ဖြစ်ကြသော စက်မှုလယ်ယာ ဦးစီးဌာနနှင့် ကျေးလက် ဦးစီးဌာနတို့မှ ပြင်ပ လယ်ယာသုံး ပစ္စည်း ကိရိယာ ရောင်းချသောကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ အတိုးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးခြင်းဖြင့် လယ်ယာ စိုက်ပျိုးရေး ကဏ္ဍအား တိုးတက်ကောင်းမွန် လာစေမည်ဖြစ်ပါသည်။

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် ဖွံ့ဖြိုးရေး လုပ်ငန်းများကို လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်မည့် နည်းဗျူဟာများ အဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း (၅)နှစ် ကာလ ကျော်လွန်ချိန်တွင် ချမှတ်ထားသော ပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ပါမည်။

**(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်**

ကျေးရွာလူထုသည် (၅)နှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲချိန်တွင် စိစစ် ရွေးချယ်ထားသည့် ဦးစားပေး စီမံချက်များမှာ ပြည့်စုံ လုံလောက်နိုင်မှု မရှိသေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကိုအကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော်လာ ချိန်တွင် စီမံကိန်း (၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် (၅)နှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း (၅)နှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှစ် ငွေကြေး စီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန်

ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေး အန္တရာယ်၊ အခြားအရေးပေါ် ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ (၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အား ရွာ၏အခြေအနေပေါ်မူတည်၍ ပြင်ဆင်ပြောင်းလဲ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**( ခ ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ (Functional Classification)သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိ နားလည်ရန် အထောက်အကူ ပြုပါမည်။ (Economic Classification)သည် စီမံချက်များကို အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) **ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ( Functional Classification )**

ဆောင်ရွက်မည့် စီမံချက်နှင့် စီမံချက် ဘတ်ဂျက်သည် မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည့်)၊ မည်သည့် ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည့်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) **ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုး အစား ဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- ❖ သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ – လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ၊
- ❖ ငွေလုံးငွေရင်း အသုံးစရိတ် ( Capital Expenditure ) ဥပမာ– ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူရသော ရင်းနှီးမြှုပ်နှံမှု များ၊

- ❖ စွမ်းဆောင်ရည် မြှင့်တင်ရေး အသုံးစရိတ် ( Capacity Building Expenditure ) ဥပမာ– ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- ❖ လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support) တို့ဖြစ်ပါသည်။

**( ဂ ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိ လာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/ ရွာသား အုပ်စု(၅)စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက် ရာတွင် နည်းပညာ ဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့ အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

နောက်ဆက်တွဲ ၂

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၄ | ၁၂ |

| | | | | |
|---|---|---|---|---|
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၂ | ၇ | ၁၉ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၀ | ၂၄ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၂ | ၁၉ | ၄၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၂ | ၁၇၅ | ၃၃၇ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၂၆ | ၄၄ |
| စုစုပေါင်း | | ၂၃၆ | ၂၄၁ | ၄၇၇ |
| စုစုပေါင်းအိမ်ထောင်စု | | ၁၂၀ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆို သည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှာ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ် ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**။ ။ တောချောင်းကျေးရွာ အလုပ်လုပ်နိုင်သူဦးရေများပြားနေရခြင်းမှာ ကျောင်းပညာ ဆက်လက်သင်ယူမှုမရှိသော လူငယ်လူရွယ်များစွာရှိနေသောကြောင့် ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သူများသည် ရပ်ဝေး(ပြည်တွင်း)သို့သွားရောက် လုပ်ကိုင်သူများရှိတွေ့ရှိသကဲ့သို့ ပြည်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☑ လတ် ☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူ ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့်☐လတ်☐ နိမ့် ☐ |

| | | | | | |
|---|---|---|---|---|---|
| | **သစ်တောလုပ်ငန်း** | | | | |
| ၄ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့်□ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့်□ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| ၅ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့်□ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့်□ |
| | **ထုတ်ကုန်လုပ်ငန်း** | | | | |
| ၆ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |

| | | | | | |
|---|---|---|---|---|---|
| | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် ☑ |

| | | | | | |
|---|---|---|---|---|---|
| | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် လတ်☐ နိမ့်☐ |
| | အလုပ်သမား/<br>ဝန်ထမ်း | | | | မြင့် လတ် ☐ နိမ့်☐ |
| | **ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/<br>ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား/<br>ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့်☐ |
| | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| ၁၂ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/<br>ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| ၁၃ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား/ဝန်<br>ထမ်း | | | | မြင့် ☐ လတ်☑ နိမ့်☐ |
| | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၄ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| ၁၅ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ ‘ **အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ’** အရေအတွက်တွင် **‘ မိသားစု ဝင်ငွေ လုပ်အား’** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **‘ ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)’** ဆို သည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလို ပါသည်။ ဥပမာ– **‘စိုက်ပျိုးရေး’** ကဏ္ဍ၏ **‘ကိုယ်ပိုင် လုပ်ငန်း’** တွင် ရပ်တည် နိုင်မှု **‘မြင့်’** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေ သည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းအား ရွာ၏ ထက်ဝက် နီးပါးမှ လုပ်ကိုင်သူများရှိသော်လည်း ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူဦးရေမှာ ပိုမိုများပြား ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအား အိမ်များ၌ တိရစ္ဆာန် ကြက်၊ ဘဲ၊ ဝက် အနည်း အကျဉ်းမွေးထားသော်လည်း စီးပွားဖြစ်မွေးမြူသူများမှာ မရှိသလောက် နည်းပါးကြောင်းတွေ့ရှိရ ပါသည်။

**(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၀၀၀ | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါး ခြောက် လုပ်ငန်းများ | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်း ဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံ ပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက် | နေ့စား | - | - | - | - | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ဆိုင်လုပ်ငန်း | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက်
(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ တောချောင်းကျေးရွာတွင် အမျိုးသားများ၏လုပ်အားခမှာ အလုပ်ချိန်(၁)နာရီလျှင် အများဆုံး(၅၀၀)ကျပ်နှုန်းသတ်မှတ်ထားပြီး အနိမ့်ဆုံးခန့်မှန်းခြေမှာ (၁)နာရီလျှင် (၄၄၀)ကျပ်သာရရှိပါသည်။ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ အလုပ်ချိန် (၁)နာရီလျှင်ခန့်မှန်း(၃၇၅)ကျပ်သာရရှိပါသည်။ လက်လုပ်လက်စားအခြေခံ အလုပ်သမားများ အတွက် အလုပ်ချိန်(၈)နာရီထက် ပိုလုပ်နေရသော်လည်း လုပ်အားခများကို တိုးပေးနိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) သဘာဝအရင်းအမြစ်များ**

**(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|

| | | |
|---|---|---|
| လယ်မြေ | ၈၈.၂၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၁၆.၆ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၃၀၄.၈၅** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင် နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ တောချောင်းကျေးရွာသည် ဥယျာဉ်ခြံကိုသာအများဆုံးစိုက်ပျိုး ကြပါသည်။ ဥယျာဉ်ခြံမြေများသည် အနှစ်နှစ်အလလ ထပ်ခါထပ်ခါစိုက်ပျိုးနေရသောကြောင့် မြေဆီလွှာမြေဩဇာခမ်းခြောက်ခြင်း၊ ကြွေးသင့်သည့်မြေဩဇာထက်ပိုမို အသုံးပြုသောကြောင့် မြေဆီလွှာများ အချဉ်ဖောက်ခြင်းတို့ဖြစ်ပေါ်သဖြင့် မြေဆီလွှာအသင့်အတင့်သာ ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ ရေနံ၊ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ ☐ အသုံးမပြုနိုင်ပါ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင် ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊အထွေထွေအုပ် ချုပ် ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ တောချောင်းကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်ပစ္စည်းများ ကျောက်ခဲကျောက်စရစ်များ မထွက်ရှိပါ။ ကျော ်၊ သဲ၊ ကျောက်စရစ်။ သဘာဝအပင်မျိုးစိတ်၊ သဘာဝတိရစ္ဆာန်မျိုးစိတ် အနည်းငယ် တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | ၅ကေမှ၃၀ ကေအထိ | ၄ကေမှ၂ ကေအထိ | ၂ကေမှ၀.၅၀ ကေအထိ | မရှိ |
| အိမ်အခြေအနေ | တိုက်ခံ၊ သွပ်မိုးအိမ် | သွပ်မိုး၊ ပျဉ်ထောင်၊ သစ်သားအိမ် | ဓနိမိုး၊ထရံကာ၊ ပျဉ်ခင်းအိမ် | ဓနိမိုး၊ထရံကာ၊ဝါး ခင်းအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လက်တွန်း ထွန်စက် | ရေစုပ်စက်၊ မြက်ရိတ်စက် | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ဥယျာဉ်ခြံ၊ လယ်ယာ လုပ်ငန်း | ဥယျာဉ်ခြံ၊ လယ်ယာ လုပ်ငန်း | ဥယျာဉ်ခြံ၊ လယ်ယာ၊ နေ့စား လုပ်ငန်း | နေ့စား လုပ်ငန်း |
| အိမ်ထောင်စု – ၁၂၀ | ၃၂(၂၆.၆၇%) | ၂၆(၂၁.၆၆ %) | ၄၀ (၃၃.၃၃ %) | ၂၂ (၁၈.၃၃ %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောချောင်းကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေမှာ အဆင်ပြေသော

အိမ်ထောင်စု ၃၂စု(၂၆.၆၇%)၊ မြေယာပိုင်ဆိုင်မှု (၅)ကေမှ(၃၀)ကေအထိ၊ အိမ်အခြေအနေမှာ တိုက် ခံ၊(၁)ထပ်၊(၂)ထပ်၊ ပျဉ်ထောင်၊သွပ်မိုးအိမ်၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုမှာ လက်တွန်း ထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်၊ မြက်ရိတ်စက် တို့ဖြစ်ပါသည်။ အလယ်အလတ်ရှိသော

အိမ်ထောင်စု ၂၆စု(၂၁.၆၆%)၊ မြေယာပိုင်ဆိုင်မှု (၄)ကေမှ (၂)ကေအထိ၊ အိမ်အခြေအနေမှာ ပျဉ်ထောင်၊သွပ်မိုး၊ ပျဉ်ခင်းအိမ်၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုမှာ ဆိုင်ကယ်၊ စက်ဘီး တို့ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စု ၄၀စု (၃၃.၃၃%)၊ မြေယာပိုင်ဆိုင်မှုမှာ (၂)ကေအောက်၊ အိမ်အခြေအနေမှာ သွပ်မိုး၊ ဓနိမိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ထရံကာ တို့ဖြစ်သည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု ၂၂စု(၁၈.၃၃%) မြေယာပိုင်ဆိုင်မှုမရှိပါ၊ အိမ်အခြေအနေမှာ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း၊ ဝါးကပ်ခင်း ဖြစ်ကြောင်း တွေ့ရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန် |
|---|---|---|
| ၃ လအောက် ဝမ်းစာ ဖူလုံမှု | ၅ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ၂ |
| ၃ လ နှင့် ၆လကြား ဝမ်းစာဖူလုံမှု | ၅ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ = |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက် များကို ဖော်ပြရန် |
|---|---|---|
| | | ချေးယူ = ၄<br>လုပ်အားခကြိုယူ = ၁ |
| ၆လ မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု | ၈ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၄<br>လုပ်အားခကြိုယူ = ၄ |

ရင်းမြစ် .. ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောချောင်းကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့် (၄)အရ အိမ်ထောင်စုပေါင်း ၃၀%အားလေ့လာခဲ့ရာ ဝမ်းစာဖူလုံသောအိမ်ထောင်စုများကြောင်း တွေ့ရှိရ ပါသည်။

(င.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖါဝနှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | – | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောချောင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်အထက်နှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ် မရှိပါ။ မိသားစုစိတ်ဓါတ်ဖြင့် ဝိုင်းဝန်းကူညီဖေးမကာစည်းလုံးနေကြသောကြောင့် ဥစ္စာခေမပြည့်ဝကြသော်လည်းမေတ္တာစေတနာ ပြည့်ဝကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

**(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| | | |
|---|---|---|
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီး ခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ ရွာသားများ ထိခိုက် သက်ရောက်မှု ရှိနိုင် ပါသလား။ ထိခိုက်မှု ရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် -နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု- လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက်-မြင့်)

လေ့လာတွေ့ရှိချက်။ ။ တောချောင်းကျေးရွာသည် သဘာဝအရင်းအမြစ်ရှားပါးမှုအနေဖြင့် ရေသန့်အလုံအလောက်မရရှိသေးပါ။ သုံးစွဲသောရေနှင့်သောက်သုံးရေမှာ တွင်းကြောင့်သော်လည်း ကောင်း မြေဆီလွှာကြောင့်သော်လည်း၊ ရေအရင်းအမြစ်နှင့် သက်ဆိုင်သောအသိပညာနည်းပါးခြင်း ကြောင့်သော်လည်းကောင်း နောက်ကျိ၍ ရွံ့နှစ်ရောင်ပေါက်ခြင်းကို တွေ့ရှိရပါသည်။ ရေသန့်တွင်း လိုအပ်လျှက်ရှိကြောင်းတွေ့ရှိရပါသည်။

(၁.၅.၄)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲ သည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျ ရောက်နိုင်သော အိမ်ထောင်စု/ ကူး စက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| | (Prone to accident)တွင်နေ ထိုင် သူများ | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေ ထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**  ။ တောချောင်းကျေးရွာသည် မိသားစုသဖွယ် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နေထိုင်လုပ်ကိုင်စားသောက်နေကြပါသည်။ ထိခိုက်မှုရှိပါကလည်း ဝိုင်းဝန်း ကူညီဖြေရှင်းပေးကြပါသည်။

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### (က-၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်းအမည်** | **အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)** | **အဖွဲ့ဝင်ဦးရေ** | | | **လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်)** | **စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)** |
|---|---|---|---|---|---|---|---|
| | | | **ကျား** | **မ** | **ပေါင်း** | | |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၅ | | ၁၅ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| | | | | | | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ | ကောင်း ☐ |
| ၁ | မွေးမြူရေး သ/မ | ၁ ☐ ၂☑ ၃☐ | ၂၀ | ၁၀ | ၃၀ | စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | သင့် ☑ ညံ့ ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | အမျိုးသမီးအဖွဲ့ | ၁☐ ၂☑ ၃☐ | | ၁၀ | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ တောချောင်းကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောအုပ်စု (လယ်သမားအဖွဲ့) အနေဖြင့် စိုက်ပျိုးစရိတ်ကိုနိုင်ငံတော်မှ ချေးသည့်အပြင် ပြင်ပအဖွဲ့အစည်း များမှ ငွေချေးပေးသည့်အတွက် အရင်းအနှီး ထည့်ဝင်နိုင်မှုနှောင့်နှေးကြန့်ကြာခြင်း မရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ ဗဟုသုတပြည့်ဝ၍ နည်းစနစ်ကျစွာလူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့များ ကို ချိတ်ဆက်ပြီးနည်းပညာသင်ယူသင့်ကြောင်း၊ ပိုမိုစည်းလုံးညီညွတ်မှုလိုအပ်ကြောင်းတွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | E Clock ငွေစုငွေချေး | ၁☑ ၂☐ ၃☐ ၄☐ ၅ ☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | ဟေမာန် ငွေစုငွေချေး | ၁☐ ၂☑ ၃☐ ၄☐ ၅ ☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-GIZ, UK Aid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇)　ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာ ထမ်းဆောင် နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ-သမဝါယမဦးစီး ဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။**　။ တောချောင်းကျေးရွာတွင်ပြင်ပအဖွဲ့အစည်းများဖြစ်ကြသော EClock နှင့်ဟေမာန်ငွေစုငွေချေး အဖွဲ့များရှိသောကြောင့် ယခင်ထက် အလုပ်လုပ်ကိုင်ရန် အရင်းအနှီးရရှိပြီး အဆင်ပြေသူများအနည်းအကျဉ်း ရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများရှားပါးမှုကြောင့် ပေးဆပ်မှု များတွင် အခက်အခဲများစွာဖြင့် ကျော်ဖြတ်ရသူများလည်းအများအပြားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၄ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၅၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၂၇ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၁၂ | တောင်သူလတ် |

| | | | |
|---|---|---|---|
| ၅ | ၁၂.၅ကေအထက် | ၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၁၂၀ | ☐ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ တောချောင်းကျေးရွာတွင် မြေယာမဲ့အိမ်ခြေ (၂၄)အိမ်ရှိပါသည်။ စိုက်ပျိုးရေး မလုပ်သော်လည်း သီးနှံ(ကုန်စိမ်း)အရောင်းအဝယ်၊ ကုန်စုံဆိုင်(စားသောက်ကုန်)၊ ဝန်ထမ်း(ပြင်ပ)လုပ်ငန်းများလုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| **စဉ်** | **ရင်းမြစ်** | **ရေသောက် (ဧက)** | **ရရှိနိုင်မှု** | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ရာသီအလိုက်** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လုံလောက်မှု(ရှိ/မရှိ)**(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☑ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး ☐ ☐ ရာသီအလိုက် မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☑ |
| ၄ | ရေသွင်း မြောင်း | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☑ |

| | | | | |
|---|---|---|---|---|
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| ၆ | လက်ငင်<br>ရေတွင်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☑ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☑ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး ☑ ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက် ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ တောချောင်းကျေးရွာတွင် စိုက်ပျိုးရေးကဏ္ဍအတွက် အဝီစိတွင်းများ အသုံးပြုမှုမှာ ဆောင်းအကုန်နွေအကူးတွင်ရေထွက်နှုန်းလျော့ပြီးနွေရာသီတွင်မုရင်းစပါးစိုက်ခင်း များအတွက်ရေအခက်အခဲရှိကြောင်းတွေ့ရပါသည်။ ရေသွင်းရေနုတ်မြောင်းများမရှိခြင်း၊ ရာသီဥတု မမှန်ခြင်းတို့ကြောင့် ရင်းနှီးစရိတ်များ များပြားပြီး အရှုံးနှင့်ရင်ဆိုင်ရမှုများရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၈၈.၂ | တင်း | ၅၀ | ၇၀ | ၆၀ | ဇန်နဝါ | ဧပြီ | မြင့် ☑ လတ် ☐ | မြင့် ☐ |



☐

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ၅ | | | | | ရီ | | နိမ့် ☐ | လတ် ☑ နိမ့် |
| ကြံ | ၃၅ | တန် | ၆၀ | ၇၀ | ၅၀ | အောက်တိုဘာ | မတ် | မြင့်☐ လတ်☑ နိမ့်☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ကလော | ၅၅ | ပိဿာ | ၂၀၀၀ | ၄၀၀၀ | ၃၀၀၀ | ဇွန် | စက်တင်ဘာ | မြင့်☐ လတ်☑နိမ့်☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| နနွင်း | ၃၅ | ပိဿာ | ၅၀၀ | ၆၀၀ | ၄၅၀ | မေလ | နိုဝင်ဘာ | မြင့်☐ လတ်☑နိမ့်☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ငှက်ပျော | ၉၁.၆ | | ၂၅၀ | ၃၀၀ | ၂၀၀ | | | မြင့်☐လတ်☑နိမ့်☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ပဲ | ၈၈.၂၅ | တင်း | ၁၀ | ၁၅ | ၈ | အောက်တိုဘာ | ဖေဖော်ဝါရီ | မြင့်☐လတ်☑နိမ့်☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တောချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၏ သွင်းအားစုများဖြစ်သော ဓာတ်မြေသြဇာ၊ ဒီဇယ်၊ ပိုးသတ်ဆေးများအား လိုအပ်ချက်မြင့်မားသောကြောင့် အကြွေးယူ သုံးစွဲ နေရပါသဖြင့် စပါး နှင့်သီးနှံများပေါ်ချိန်တွင် ဈေးကောင်း ရသည်အထိ မစောင့်နိုင်ကြဘဲ ရရာဈေးဖြင့် ရောင်းချရသဖြင့် အမြတ်ရရှိမှု နည်းပါးပါသည်။

**(၄) လယ်ယာသုံးစက်ကိရိယာများ**

ဇယား (၁၆)   ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| **စက်အမျိုးအစား** | **တစ်ဦးချင်း ပိုင်** | **ရွာပိုင်** | **အဖွဲ့ပိုင်** | **ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်** |
|---|---|---|---|---|
| ထွန်စက် | - | - | - | |
| လက်တွန်းထွန်စက် | ၅ | - | - | ၂၅ |
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၁ | - | - | ၂၅ |
| ရေစုပ်စက် | ၇၄ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရိတ်သိမ်းခြွေလှေ့စက်မရှိခြင်းကြောင့် စပါးပေါ်ချိန်တွင် ၁ဧက ငွေကျပ်(၄၅၀၀၀)ကျပ်ဖြင့်ငှားရမ်းသုံးစွဲနေရကြောင်းတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | အလွယ်တကူရသည်☑ ရသည် ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ် မြေသြဇာနှင့်အခြား အော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင် |

| | |
|---|---|
| | သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** **တောချောင်းကျေးရွာ၏ရာသီဥတုမှာ** သင့်တင့် မျှတမှု ရှိပါသည်။ ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုအများစုမှာ လယ်ယာ၊ ဥယျာဉ်ခြံ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးအတွက် လိုအပ်သည့် သဘာဝမြေဆွေး/ အော်ဂဲနစ်မြေသြဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစု များအား လွယ်ကူစွာ ဝယ်ယူရနိုင်ပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာ နှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီသြဇာမကောင်း ☐ ရာသီဥတုမမှန် ☑ မဖြေဆိုပါ ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |

| ပြဿနာ နှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝမြေဆွေး/အော်ဂဲနစ် မြေသြဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ | **အလွယ်တကူမရနိုင်** ☑ **လုံးဝမရ** ☐ **မဖြေဆိုပါ** ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ | **အလွယ်တကူမရနိုင်** ☑ **လုံးဝမရ** ☐ **မဖြေဆိုပါ** ☐ |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင်** ☑ **လုံးဝမရ** ☐ **မဖြေဆိုပါ** ☐ |
| နည်းပညာဝန်ဆောင်မှုများ | **အလွယ်တကူမရနိုင်** ☑ **လုံးဝမရ** ☐ **မဖြေဆိုပါ** ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ** ☐<br>**သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ** ☑ **မဖြေဆိုပါ** ☑ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | **ဆိုးရွားစွာကျ**☐**အသင့်အတင့်ကျ**☐**အနည်းငယ်** ☐ **မဖြေဆိုပါ** ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ **တောချောင်း**ကျေးရွာတွင် ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု အသင့်အတင့် ထောက်ပံ့မှုများရရှိပါသည်။ သဘာဝရေမြေအနေအထားအရ မိုးဦးစကျလျှင် စပါးစိုက်မရသော နေရာ များအများအပြားရှိနေပါသည်။(ဆည်၊ကန်)များစနစ်တကျတည်ဆောက်ပြီး နိုင်ငံတော်မှ စိုက်ပျိုးရေ အရင်းအမြစ်ကို ဖော်ထုတ်ပေးလျှင် ဒေသခံလယ်သမားများ ပိုမို တိုးတက်အောင်မြင်နိုင်ကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၉ | ၂၆ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | – | – |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၅ | ၁၂ |
| သိုး | - | - |
| ဝက် | ၁၈ | ၂၅ |
| ကြက် | ၈၂ | ၆၈၅ |
| ဘဲ | ၁၄ | ၈၁ |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကြက်၊ ဝက်၊ ဘဲမွေးမြူရေး လုပ်ငန်းများကို သက်ဆိုင်ရာ နည်းပညာများ နှင့်ပေါင်းစပ်ပြီး (ငါး+စပါး)(ကြက်+ငါး)စသည့် အစာကွင်းဆက်ဖွဲ့စည်းပုံဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအား စနစ်တကျတိုးချဲ့လုပ်ကိုင်လိုကြကြောင်းတွေ့ရှိရပါသည်။**

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလို အပ်ဟုယူဆသော အချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ☑ |
| ရေရရှိမှု | အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ☑ |
| မျိုးတိရိစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရိစ္ဆာန်များ လွယ်ကူစွာဝယ်ယူရနိုင် ☐ |

| | |
|---|---|
| | မျိုးကောင်းတိရိစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☑ မဖြေဆိုပါ ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင်☑ချေးငွေအသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐ |
| သွင်းအားစု(မွေးမြူရေးအ စာ၊ ဆေးစသည်) ဈေးကွက် | သွင်းအားစုများလွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများဝယ်ယူနိုင်သည် ☑ ဖြေဆိုပါ ☐ |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐<br>နည်းပညာ ဝန်ဆောင်မှုများရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐ |
| အိမ်ခြံဝန်းအတွင်းမြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | အလွန်ကောင်း☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐ |

ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |

**လေ့လာတွေ့ရှိချက်။ ။ တောချောင်းကျေးရွာသည် မွေးမြူရေးကဏ္ဍထုတ်လုပ်မှုမှာ သွင်းအားစု များအား အကျုံပျော်မြို့မှ အလွယ်တကူ ဝယ်ယူနိုင်ပြီး ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု အားနည်းကြောင်း တွေ့ရှိရပါသည်။ ငါး၊ ပုဇွန်မွေးမြူရေး လုပ်ငန်းများမရှိပါ။ အဆိုပါကျေးရွာ၏ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုအတွက် စီးပွားဖြစ် ထုတ်ချေး ငွေနှင့် နည်းပညာအကူအညီ အားနည်းမှု ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။**

**(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| စားကျက်မြေ | စားကျက်မြေရှားပါသည် ☑ စားကျက်မြေလုံးဝမရှိပါ ☐ မဖြေဆိုပါ ☐ |
| ရေရရှိမှု | ရေရှားပါးသည် ☑ ရေလုံးဝမရှိပါ ☐ မဖြေဆိုပါ ☐ |
| မျိုးတိရိစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရိစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☑<br>မျိုးကောင်းတိရိစ္ဆာန်များ လုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာမရနိုင်ပါ ☑ ချေးငွေလုံးဝမရပါ ☐ မဖြေဆိုပါ ☐ |
| သွင်းအားစု(မွေးမြူရေးအစာ၊ ဆေး စသည်) စျေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☑<br>သွင်းအားစုများလုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐ |
| ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူမရနိုင်ပါ ☑<br>ည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ ☐ မဖြေဆိုပါ ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑<br>ထုတ်ကုန်များကိုမရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐ |
| အိမ်ခြံဝန်းအတွင်းမြေ နေရာလုံလောက်မှု | အလုံအလောက်မရှိပါ ☑ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူ ရန်ရေမြေ အနေအထား | ရေမြေအနေအထားမကောင်းပါ ☐ မဖြေဆိုပါ ☑ |

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူမရပါ ☑ လုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐ |
| ဈေးငွေ | လိုသလောက်လွယ်ကူစွာဈေးငွေမရပါ ☑ လုံးဝဈေးငွေမရပါ ☐ မဖြေဆိုပါ ☐ |
| သွင်းအားစု | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☐<br>သွင်းအားစုများလုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑ |
| နည်းပညာအကူအညီ နှင့်နည်းလမ်းများ | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရပါ ☑ နည်းပညာ ☐<br>ဝန်ဆောင်မှုများမရပါ ☐ မဖြေဆိုပါ ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်း ချနိုင်ပါ ☑<br>ထုတ်ကုန်များကိုလုံးဝမရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူပါသည် ☐ မလွယ်ကူပါ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၂) မြို့နယ် မွေး/ကုဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်များ မွေးမြူကြပါသည်။ ငါး၊ပုဇွန်လုပ်ငန်းများလုပ်ကိုင်ခြင်းမရှိပါ။ နည်းပညာအထောက်အပံ့များ ပေးပါက ပိုမိုမွေးမြူနိုင်မည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

**(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

(၁) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား ၂၂ နှင့် ၂၃ ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါ က 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်အားအင်အား ရရှိနိုင်မှု | များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐ |
| လယ်ယာသားငါး ထုတ်ကုန်မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချ ရန် ဈေးကွက်ရှိခြင်း | ဈေးကွက်ကောင်းရှိသည် ☑ ဈေးကွက်အသင့်အတင့် ☐ မဖြေဆိုပါ ☐ |
| ဈေးကွက်ဆိုင်ရာအသိအမြင် ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည် ☐ အသင့်အတင့်နားလည်သည် ☑ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ကောင်း ☐ သင့် ☑ မဖြေဆိုပါ ☐ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ပေါများ ☐ သင့် ☑ မဖြေဆိုပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ကောင်း ☐ သင့် ☐ မဖြေဆိုပါ ☑ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင် ရာနှင့်အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုရရှိ ခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည် ☐ မဖြေဆိုပါ ☑ |
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော | ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☑ |

| | |
|---|---|
| (သို့မဟုတ်)အသက်မွေးဝမ်း ကျောင်း ပြု နိုင်သော ပညာတစ်ခုခုကို တတ်မြောက် ခြင်း | မဖြေဆိုပါ |
| အလုပ်အကိုင်အခွင့်အလမ်း | များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐ |

☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်နေသူအနည်းငယ်ရှိပါသည်။ ယင်းလုပ်ငန်းများမှာ အစိုးရဝန်ထမ်း၊ ဈေးရောင်းခြင်း၊ ပြည်ပတွင် လုပ်ငန်း သွားရောက် လုပ်ကိုင်ခြင်း၊ မြို့ပေါ်များ၌ အလုပ်လုပ်ခြင်း တို့ဖြစ်ပါသည်။ ထိုသို့ အလုပ်လုပ်ကိုင်ကြသူများသည် အသင့်အတင့်အဆင်ပြေကြသော အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။

## (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက် အခဲများ

